**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏**
**တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍**
**သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၀)**

၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၁-၂၀၂၀ ရက်စွဲပါ အမိန့် အမှတ်(၃/၂၀၂၀)ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို အသစ်ပြင်ဆင်ဖွဲ့စည်း ခဲ့ပါသည်။

၂။ ကော်မရှင်အသစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ တိုင်တန်းချက်ပေါင်း ၃၇၇ စောင် လက်ခံ ရရှိခဲ့ပြီး၊ ယခင် တိုင်တန်းချက် လက်ကျန် ၃၁၆ စောင် ရှိသဖြင့် စုစုပေါင်း ၆၉၃ စောင်ကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၁၄ ကြိမ် ကျင်းပ၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့မှု | - | ၆၉ | မှု |
| (ခ) | တိုင်တန်းသူများထံ အကြံပြုပြန်ကြားခြင်း | - | ၄၃ | မှု |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | - | ၃ | မှု |
| (ဃ) | မှတ်တမ်းထားရှိခြင်း | - | ၂၀၇ | မှု |
| (င) | လက်ကျန် | - | ၃၇၁ | မှု |

၃။ အရေးယူဆောင်ရွက်ရန် မလိုအပ်သော တိုင်တန်းချက် ၂၀၇ စောင်သည် ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ အရ တရားရုံး တစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများနှင့် တရားရုံး တစ်ခုခု၏ စီရင်ဆုံးဖြတ် ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံး တစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများနှင့် တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများ၊ ကော်မရှင်မှ ယခင် ဖြေရှင်း ဆောင်ရွက် ပေးပြီးသော အမှုများ ဖြစ်သဖြင့် စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားပါသည်။

၄။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင် ရာ ဌာနအဖွဲ့အစည်းအသီးသီးသို့ အကြောင်းကြားစာ ပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ဌာနအဖွဲ့အစည်းအသီးသီးမှ ပြန်ကြားချက် (၈၇) စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင် များထံသို့ ကော်မရှင်မှ ပေးပို့ အကြောင်းကြားပြီး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၇ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၁ စောင် |
| (ခ) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၄ စောင် |
| (ဂ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၈၉ စောင် |
| (ဃ) | ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၃ စောင် |

၅။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်း ပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက်တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း ပြည်ပ အမြန်အချောပို့စနစ်ဖြစ်စေ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက ဖက်စ်နံပါတ် ၀၁-၆၅၄၆၇၈ သို့လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm လိပ်စာများသို့ လည်းကောင်း ပေးပို့ တိုင်ကြားနိုင်ပါသည်။

၆။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုံးနံပါတ်နှင့်တကွ မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း ဖြစ်စဉ်ကို ရှင်းလင်း ပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည်ဖြစ်ပြီး လိုအပ် ပါက ဖြစ်စဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းမိတ္တူများ၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် အထောက်အထား များကိုပါ ပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်